## (၉-၁၀-၂၀၂၀)မှ (၁၅-၁၀-၂၀၂၀)အထိ

## သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရသကြားဖြူ(White Sugar) တစ်တန်လျှင် (၈-၉-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ(၃၅၈ဒသမ၇၅)ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၄-၁၀-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၃၈၇ဒသမ၈)ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 14-Oct-20 | 13.68 cts/lb | 13.40 cts/lb | 387.80 $/T | 17.59 cts/lb |
| 13-Oct-20 | 13.60 cts/lb | 13.36 cts/lb | 386.95 $/T | 17.55 cts/lb |
| 12-Oct-20 | 13.44 cts/lb | 13.33 cts/lb | 382.65 $/T | 17.36 cts/lb |
| 9-Oct-20 | 13.76 cts/lb | 13.30 cts/lb | 386.25 $/T | 17.52 cts/lb |
| 8-Oct-20 | 13.76 cts/lb | 13.25 cts/lb | 386.75 $/T | 17.54 cts/lb |
| 7-Oct-20 | 13.74 cts/lb | 13.20 cts/lb | 384.85 $/T | 17.46 cts/lb |
| 6-Oct-20 | 13.55 cts/lb | 13.13 cts/lb | 379.40 $/T | 17.21 cts/lb |
| 5-Oct-20 | 13.32 cts/lb | 13.06 cts/lb | 373.95 $/T | 16.96 cts/lb |
| 2-Oct-20 | 13.26 cts/lb | 12.98 cts/lb | 373.95 $/T | 16.96 cts/lb |
| 1-Oct-20 | 13.27 cts/lb | 12.92 cts/lb | 375.30 $/T | 17.02 cts/lb |
| 30-Sep-20 | 13.27 cts/lb | 12.86 cts/lb | 375.30 $/T | 17.02 cts/lb |
| 29-Sep-20 | 13.19 cts/lb | 12.80 cts/lb | 371.80 $/T | 16.86 cts/lb |
| 28-Sep-20 | 12.82 cts/lb | 12.75 cts/lb | 366.65 $/T | 16.63 cts/lb |
| 25-Sep-20 | 13.26 cts/lb | 12.72 cts/lb | 376.50 $/T | 17.08 cts/lb |
| 24-Sep-20 | 13.12 cts/lb | 12.66 cts/lb | 374.10 $/T | 16.97 cts/lb |
| 23-Sep-20 | 13.09 cts/lb | 12.62 cts/lb | 371.60 $/T | 16.86 cts/lb |
| 22-Sep-20 | 13.17 cts/lb | 12.60 cts/lb | 372.15 $/T | 16.88 cts/lb |
| 21-Sep-20 | 12.88 cts/lb | 12.59 cts/lb | 367.10 $/T | 16.65 cts/lb |
| 18-Sep-20 | 13.11 cts/lb | 12.59 cts/lb | 371.70 $/T | 16.86 cts/lb |
| 17-Sep-20 | 12.97 cts/lb | 12.58 cts/lb | 368.20 $/T | 16.70 cts/lb |
| 16-Sep-20 | 12.67 cts/lb | 12.58 cts/lb | 358.15 $/T | 16.25 cts/lb |
| 15-Sep-20 | 12.44 cts/lb | 12.61 cts/lb | 352.15 $/T | 15.97 cts/lb |
| 14-Sep-20 | 12.21 cts/lb | 12.64 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Sep-20 | 12.33 cts/lb | 12.70 cts/lb | 354.35 $/T | 16.07 cts/lb |
| 10-Sep-20 | 12.32 cts/lb | 12.75 cts/lb | 353.20 $/T | 16.02 cts/lb |
| 9-Sep-20 | 12.40 cts/lb | 12.80 cts/lb | 356.50 $/T | 16.17 cts/lb |
| 8-Sep-20 | 12.42 cts/lb | 12.86 cts/lb | 358.75 $/T | 16.27 cts/lb |

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၅၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၈၅ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၆၆–၅၈၇ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၈–၅၁၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့အားလုံးတွင် သကြားဈေးနှုန်းမြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း မြန်မာ–တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၁ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၅၄ ဒေါ်လာပေါက်ဈေး ရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၅၁၃ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ–ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၃ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၁ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

**Trading Economics Website** တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၀၇ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။